# (၂၀၁၉) ခုနှစ် ကမ္ဘာ့အသည်းရောင် အသားဝါရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ပြောကြားခဲ့သည့် (အချက်အလက်များသိရှိရန် မိန့်ခွန်းကောက်နုတ်ချက် မူကြမ်း)

သူနာပြုတက္ကသိုလ် (ရန်ကုန်) (၂၀၁၉) ခုနှစ်၊ ဇူလိုင်လ (၂၈) ရက်

- ယခု အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် (ဆေးသုတေသနဦးစီးဌာန) ပါမောက္ခ ဒေါက်တာဇော်သန်းထွန်း နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆေးကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း ဥက္ကဋ္ဌ၊ မြန်မာအသည်းဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများအားလုံး မင်္ဂလာပါဟု နှုတ်ခွန်းဆက်ပါကြောင်း၊
- (၂၀၀၇) ခုနှစ်တွင် World Hepatitis Alliance အဖွဲ့မှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) သို့ ကမ္ဘာ့အသည်းရောင် အသားဝါရောဂါတိုက်ဖျက်ရေးနေ့” ကျင်းပနိုင်ရေး နှိုးဆော်ခဲ့ပါကြောင်း၊
- အဆိုပါ နှိုးဆော်ချက်နှင့်အညီ အသည်းရောင်အသားဝါ ရောဂါပိုင်းရပ်စ်ပိုးများကြောင့် ဖြစ်ပွားသည့် အသည်းရောင်အသားဝါရောဂါများနှင့် ပတ်သက်၍ ပြည်သူများ ပိုမိုသိရှိ ဂရုပြုမှုရှိလာစေရန် ရည်သန်၍ ကျင်းပသည့် “ကမ္ဘာ့အသည်းရောင် အသားဝါရောဂါတိုက်ဖျက်ရေးနေ့” ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ (၂၀၁၀) ခုနှစ်မှ စတင်၍ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံတွင်လည်း (၂၀၁၃) ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပခဲ့ပါကြောင်း၊
- ဝန်ကြီးဌာနသည် World Hepatitis Alliance အဖွဲ့နှင့် ပူးပေါင်း၍ “အသည်းရောင် ရောဂါကင်းဝေးရေး၊ ဗိုင်းဝန်းရှာဖွေ စစ်ဆေးပေး (Finding the missing millions)” ဆောင်ပုဒ်ဖြင့် အသည်းရောင်အသားဝါရောဂါနှင့် ပတ်သက်၍ ပြည်သူလူထုအား အသိပေးနှိုးဆော်မှု၊ ကျန်းမာရေးအသိပညာ

မြှင့်တင်မှု၊ ရောဂါစစ်ဆေးမှု၊ ရောဂါကာကွယ်မှုနှင့် ကုသမှုလုပ်ငန်းများကို လွန်ခဲ့သည့် (၂၀၁၈) မှစတင် ဆောင်ရွက်ခဲ့ပြီး ယခုနှစ် ဆောင်ပုဒ်ဖြစ်သော "အသည်းရောင်ရောဂါကင်းဝေးဖို့ ရင်းနှီးမြှုပ်နှံဆောင်ရွက်စို့ (Invest in Eliminating Hepatitis)"နှင့် အညီလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊

- World Hepatitis Alliance အဖွဲ့အနေဖြင့် လုပ်ငန်းများအားထုတ်ကြိုးပမ်းဆောင်ရွက်နေမှုကို ကျေးဇူးတင်ရှိပါကြောင်း၊
- လုပ်ငန်းများဆောင်ရွက်ရာတွင် မိမိအနေဖြင့် အသည်းရောင်ရောဂါများ ခံစားနေရပါက ဝန်ကြီးဌာန၊ အသည်းရောင်အသားဝါရောဂါတိုက်ဖျက်ရေး စီမံချက်နှင့် World Hepatitis Alliance တို့မှ မည်ကဲ့သို့ ဆောင်ရွက်ပေးစေလိုသည်ဟူ၍ မိမိကိုယ်တိုင် အသည်းရောင်အသားဝါ ရောဂါခံစားနေရသူများ၏ ရှုထောင့်နေရာမှ စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊
- ကျန်းမာရေး စောင့်ရှောက်မှု ပေးအပ်သူနေရာမှသာမက ကျန်းမာရေးစောင့်ရှောက်မှုခံယူသူနေရာ ရှုထောင့်မှ စဉ်းစားလုပ်ဆောင်မှသာ လုပ်ငန်းများပိုမိုအောင်မြင် ထိရောက်နိုင်မည်ဖြစ်ပါကြောင်း၊
- ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ အမျိုးသားအဆင့် အသည်းရောင်အသားဝါရောဂါ ကာကွယ်နှိမ်နင်းရေး မဟာဗျူဟာစီမံချက် (Myanmar National Strategic Plan on Viral Hepatitis (2016–2020)) ကို ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊
- လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ လူမှုစီးပွားအခြေအနေ၊ နေရာဒေသအလိုက် ကွဲပြားခြားနားသော အခြေအနေများ၊ ပြည်သူများ၏ ကျန်းမာရေးအသိပညာကြွယ်ဝမှု၊ ဝန်ကြီးဌာန၏ ဘဏ္ဍာငွေ ရရှိမှုအခြေအနေ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ၊ ဘဏ္ဍာငွေနှင့် ဆေး၊ ဆေးပစ္စည်းကိရိယာများ အပါအဝင် အရင်းအမြစ်များစသည့် အခြေအနေများကို စနစ်တကျ ဆန်းစစ်သုံးသပ်မှုများပြုလုပ်ကာ တိုင်းဒေသကြီး/ ပြည်နယ် အလိုက် အကိုက်ညီဆုံးသော လက်တွေ့မြေပြင်တွင် အကောင်အထည် ဖော်နိုင်မည့်

လုပ်ငန်းစဉ်များကို ဦးစားပေးအဆင့်များ သတ်မှတ်ထည့်သွင်း ချမှတ်၍ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊

- ကမ္ဘာ့အဆင့် မဟာဗျူဟာ ဖြစ်စေကာမူ လက်တွေ့တွင် အကောင်အထည် ဖော်ဆောင်ရွက်နိုင်ခြင်းမရှိပါက အချည်းအနှီးပင် ဖြစ်ပါကြောင်း၊
- မဟာဗျူဟာတစ်ခုတွင်ပါဝင်သည့် လုပ်ငန်းစဉ် အမြောက်အများကို လက်တွေ့ တွင် အကောင်အထည်ဖော်ရန် ခက်ခဲမှု၊ နှောင့်နှေးမှုများရှိနေပါက ၎င်း လုပ်ငန်းစဉ်များကို ပြန်လည်ဆန်းစစ်သုံးသပ်၍ လက်တွေ့မြေပြင်အခြေအနေ တွင် အကောင်အထည်ဖော်နိုင်ရေး လိုအပ်သလို မွမ်းမံပြင်ဆင်ဆောင်ရွက် သွားရမည်ဖြစ်ပါကြောင်း၊
- လုပ်ငန်းစဉ်များကို ဦးစားပေးအလိုက် အစီအစဉ်ချမှတ် သတ်မှတ်ကာ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊
- လုပ်ငန်းများဆောင်ရွက်ရာတွင် ဝန်ကြီးဌာနတစ်ခုတည်းမှ ဆောင်ရွက်သွား၍ မရနိုင်ဘဲ နီးနွှယ်ဆက်စပ်ဌာနများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့ အစည်း များ၊ ပုဂ္ဂလိက ကျန်းမာရေးကဏ္ဍ ဆေးရုံနှင့် ဆေးခန်းများ အားလုံးဝိုင်းဝန်း ဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မည် ဖြစ်ပါကြောင်း၊
- ဆောင်ရွက်သည့် လုပ်ငန်းများ ထပ်နေခြင်းမရှိစေရန်နှင့် လိုအပ်သည့် နေရာ ကဏ္ဍတွင် ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် လုပ်ငန်းတာဝန်နှင့် အခန်းကဏ္ဍ ခွဲဝေ ဆောင်ရွက်ခြင်းသည် အရေးကြီးပါကြောင်း၊
- အသည်းရောင်အသားဝါ (စီ) ရောဂါ ကုသလမ်းညွှန် (Simplified Treatment Guidelines for Hepatitis C Infection (2017)) နှင့် အသည်းရောင်အသားဝါ (ဘီ) ရောဂါ ကုသရေးလမ်းညွှန် (Simplified Treatment Guidelines for Hepatitis B Infection (2019)) အပါအဝင် လမ်းညွှန်များ ရေးဆွဲပြုစုခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ဝေသည့် လမ်းညွှန်များနှင့် အမြဲကိုက်ညီမှုရှိစေ ရေးအတွက် မွမ်းမံမှုများ ပြုလုပ်ခဲ့ပါကြောင်း၊

- မြန်မာနိုင်ငံတွင်လည်း (၂၀၁၅) ခုနှစ် တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာနနှင့် မြန်မာအသည်းဖောင်ဒေးရှင်းတို့ ဦးစီးကောက်ယူခဲ့သော စစ်တမ်းတွေ့ရှိချက်များအရ အသည်းရောင်အသားဝါ (ဘီ) နှင့် (စီ) ရောဂါဖြစ်ပွားမှုမှာ မြင့်တက်လျက်ရှိပြီး လူဦးရေ၏ (၆.၅) ရာခိုင်နှုန်းမှာ အသည်းရောင်အသားဝါ (ဘီ) ရောဂါ နှင့် လူဦးရေ၏ (၂.၇) ရာခိုင်နှုန်းမှာ အသည်းရောင်အသားဝါ (စီ) ရောဂါ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊
- လူနာသစ်များရှာဖွေ ဖော်ထုတ်ကုသမှုပေးခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် ရောဂါဖြစ်ပွားသူဦးရေကို စစ်တမ်းပါအချက်များထက် ပိုမိုတိကျစွာ သိရှိနိုင်မည်ဖြစ်ပါကြောင်း၊
- ရောဂါဖြစ်ပွားသူများ၏ (၁၀) ဦးတွင် (၁) ဦးခန့်သည် ရောဂါဖြစ်ပွားနေသည်ကို မသိရှိကြသဖြင့် ကုသမှုများကို အချိန်မီ မခံယူနိုင်ကြသည်ကို တွေ့ရှိရပါကြောင်း၊
- ရောဂါဖြစ်ပွားပြီးနောက် ရောဂါ၏ နောက်ဆက်တွဲပြဿနာများဖြစ်သည့် အသည်းခြောက်ခြင်း၊ အသည်းကင်ဆာရောဂါဖြစ်ခြင်းတို့ ဖြစ်ပွားပါက ကုသမှုပေးရန် ခက်ခဲခြင်း၊ ကုန်ကျစရိတ် များပြားခြင်းတို့သာမက လူနာနှင့် လူနာ၏ မိသားစုနှင့် ဆွေမျိုးများတွင်လည်း စိတ်ထိခိုက်မှုများ ရရှိရပါကြောင်း၊
- အသည်းရောင်အသားဝါရောဂါများ ဖြစ်ပွားမှုများ လျော့နည်းကျဆင်းစေရေးအတွက် လုပ်ငန်းများကို အရှိန်အဟုန်မြှင့် အလေးပေး ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊
- အသည်းရောင်အသားဝါ- (ဘီ) နှင့် (စီ) ရောဂါတို့သည် ကြိုတင်ကာကွယ်နိုင်သည့် ရောဂါများဖြစ်ပြီး ရောဂါဖြစ်ပွားပါကလည်း စောစီးစွာကုသမှုပေးခြင်းဖြင့် အသည်းခြောက် (Liver Cirrhosis) ရောဂါနှင့် အသည်းကင်ဆာရောဂါများ မဖြစ်ပွားနိုင်တော့ပါကြောင်း၊

- ပြည်သူများတွင် အသည်းရောင်အသားဝါရောဂါနှင့် သက်ဆိုင်သည့် ကျန်းမာရေးအသိပညာများ ကြွယ်ဝပါက ရောဂါမဖြစ်ပွားစေရန် ကာကွယ်နိုင်ပြီး ဖြစ်ပွားမှုရှိပါကလည်း အချိန်မီကုသမှု ခံယူနိုင်မည်ဖြစ်ပါကြောင်း၊
- ဆေးရုံများ၊ စာသင်ကျောင်းများ၊ တက္ကသိုလ်များ၊ စက်ရုံ၊ အလုပ်ရုံများတွင် အသည်းရောင် အသားဝါရောဂါနှင့် သက်ဆိုင်သည့် ကျန်းမာရေးအသိပညာ မြှင့်တင်မှု ဟောပြောပွဲများ အလေးပေး ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊
- ဝန်ကြီးဌာနမှ ဖြန့်ဝေထားသော Mobile Tablet များတွင် ပါဝင်သော အသည်းရောင်အသားဝါရောဂါနှင့် ပတ်သက်သည့် ကျန်းမာရေးစံပြု အချက်အလက်များကို အသုံးချ၍ ကျေးလက်တောရွာဒေသများတွင် ပြည်သူများအတွက် ကျန်းမာရေး စကားဝိုင်းငယ်များ ပိုမိုပြုလုပ်သွားကြရမည် ဖြစ်ပါကြောင်း၊
- ထိုသို့ ကျန်းမာရေးအသိပညာ မြှင့်တင်ခြင်းလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှု အထောက်အကူပြု Mobile Tablet (၁၂,၀၀၀) ခန့်ကို တိုင်းဒေသကြီး/ ပြည်နယ် (၇) ခုမှ အခြေခံ ကျန်းမာရေးဝန်ထမ်းပညာရှင်များ၊ တိုက်နယ်ဆရာဝန်နှင့် မြို့နယ်ဆရာဝန်များထံသို့ ဖြန့်ဝေထားရှိပြီးဖြစ်ပါကြောင်း၊ မကြာမီ ကာလအတွင်းတွင်လည်း Mobile Tablet (၁၄,၀၀၀) ခန့်ကို ထပ်မံဖြန့်ဝေပေးသွားတော့မည် ဖြစ်ပါကြောင်း၊
- အဆိုပါ Mobile Tablet များတွင် အသည်းရောင်အသားဝါ ရောဂါများနှင့် ပတ်သက်၍ လုပ်ငန်းလမ်းညွှန်များ၊ စံလုပ်ထုံးလုပ်နည်းများနှင့် ကျန်းမာရေး အသိပညာဗဟုသုတ အချက်အလက်များ ပါဝင်ထည့်သွင်းထားပါကြောင်း၊
- ကျန်းမာရေးအသိပညာ မြှင့်တင်ရေးလုပ်ငန်းများအပါအဝင် လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာ/ ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့များ၊ လူမှုအဖွဲ့အစည်းများ၊ ပရဟိတအသင်းအဖွဲ့များ၊ တိုင်းရင်းသားကျန်းမာရေး

အဖွဲ့များမှ ပါဝင်ဆောင်ရွက်ခြင်းနှင့် ပြည်သူများကိုယ်တိုင် တက်ကြွစွာပါဝင်ခြင်းဖြင့်သာ အောင်မြင်မှုရရှိနိုင်မည် ဖြစ်ပါကြောင်း၊

- ထိုသို့ ပူးပေါင်းပါဝင် ဆောင်ရွက်မှုများ အားကောင်းစေရန်အတွက် ကျန်းမာရေးနှင့် နီးနွှယ်ဆက်စပ်သော အဖွဲ့အစည်းများ၏ လုပ်ဆောင်သည့် လုပ်ငန်းကဏ္ဍ၊ လုပ်ငန်းဆောင်ရွက်သည့် နေရာဒေသ၊ လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကို သုံးသပ်ဆန်းစစ်မှုများ ပြုလုပ်ခြင်းနှင့် ကွန်ရက်သဖွယ် ချိတ်ဆက် ဆောင်ရွက်ခြင်းတို့ကို အားထည့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊
- နေရာဒေသအလိုက် လုပ်ငန်းဆောင်ရွက်မှု ချဉ်းကပ်မှုပုံစံ ကွာခြားနိုင်သော်လည်း လုပ်ငန်းရည်ရွယ်ချက်နှင့် လုပ်ငန်းမူဘောင်များ တူညီကြရမည်ဖြစ်ပြီး Myanmar National Strategic Plan on Viral Hepatitis (2016–2020)၊ Myanmar National Action Plan for Viral Hepatitis Response (2017–2020) တို့နှင့်ကိုက်ညီမှုရှိရမည်ဖြစ်ပါကြောင်း၊
- ရောဂါရှာဖွေစစ်ဆေးခြင်းနှင့် ကုသခြင်း လုပ်ငန်းများတွင်လည်း ဝန်ကြီးဌာနမှ ဖြန့်ဝေထားရှိသော လမ်းညွှန် (Guideline) များနှင့်အညီသာ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊
- ဝန်ကြီးဌာနရှိ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှ ကလေးငယ်များအတွက် အသည်းရောင် အသားဝါ (ဘီ) ပိုးကာကွယ်ဆေးများကို မွေးကင်းစ၊ အသက် (၂) လ၊ အသက် (၄)လ နှင့် အသက် (၆) လ အရွယ်တို့တွင် အခမဲ့ထိုးနှံပေးလျက်ရှိပါကြောင်း၊
- ဝန်ကြီးဌာနတွင် အမျိုးသားအသည်းရောင် အသားဝါရောဂါကာကွယ်ထိန်းချုပ်ရေးစီမံချက်အား ဖွဲ့စည်းတည်ထောင်ခဲ့ပြီး (၂၀၁၇)ခုနှစ်တွင် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့ရှိ ပြည်သူ့ဆေးရုံကြီး (၇) ရုံ၌လည်းကောင်း၊ (၂၀၁၈) ခုနှစ်တွင် မြစ်ကြီးနားနှင့် မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံကြီးများ၌ လည်းကောင်း အသည်းရောင်အသားဝါ (စီ) ကုသမှုဌာန များဖွင့်လှစ်၍

အသည်းရောင် အသားဝါ (စီ) ရောဂါလူနာများကို အခမဲ့ကုသမှုပေးလျက် ရှိပါကြောင်း၊

- ထိုသို့ ကုသမှုပေးခဲ့ရာတွင် (၂၀၁၉)ခုနှစ်၊ မေလအထိ အသည်းရောင် အသားဝါရောဂါ (စီ) ပိုး ဝေဒနာရှင် (၅,၀၀၀)ဦးခန့်ကို ဆေးဝါးကုသမှုပေး နိုင်ခဲ့ပြီး ကုသမှုခံယူပြီး လူနာများ၏ ကုထုံးအောင်မြင်မှုနှုန်း (Treatment Success Rate (SVR12 Achievement)) မှာ (၉၀ မှ ၉၁) ရာခိုင်နှုန်းရှိသည့် အတွက် ရလဒ်ကောင်းမွန်ပါကြောင်း၊
- (၂၀၁၉) ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင်လည်း အသည်းရောင် အသားဝါ (စီ) ကုသမှုဌာနများ ထပ်မံဖွင့်လှစ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း၊
- မြန်မာ အသည်းဖောင်ဒေးရှင်းအနေဖြင့်လည်း ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ မြို့နယ်အသင်းခွဲ (၂၃) ခုဖြင့် အသည်းရောင်အသားဝါ (ဘီ) နှင့် (စီ) ရောဂါရှိ၊ မရှိစစ်ဆေးပေးခြင်း၊ အသည်းရောင် အသားဝါ (ဘီ) ကာကွယ်ဆေးထိုးနှံ ပေးခြင်း၊ အသည်းရောင်အသားဝါ (ဘီ) နှင့် (စီ) ရောဂါဖြစ်ပွားသူများကို ကုသမှုပေးခြင်းလုပ်ငန်းများ ဆောင်ရွက် လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊
- မြန်မာအသည်းဖောင်ဒေးရှင်းကို (၁၂-၁၂-၂၀၁၂) တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ (၂၀၁၄) ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါ ကြောင်း၊
- မြန်မာအသည်းဖောင်ဒေးရှင်းမှ ဒေါက်တာသံစစ် ဆေးခန်းများ ဖွင့်လှစ်၍ ဆောင်ရွက်လျက်ရှိသည်ကို သိရှိရပါကြောင်း၊
- မြန်မာအသည်းဖောင်ဒေးရှင်းအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးထံ အကြောင်းကြားခြင်းနှင့် အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊

- တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် (၉.၇) သန်းခန့်ရှိသော ကျောင်းသား၊ ကျောင်းသူ လူငယ်များတွင် အသည်းရောင်ရောဂါများနှင့် ပတ်သက်သည့် ကျန်းမာရေးအသိပညာဗဟုသုတများ ကြွယ်ဝစေရေးအတွက် ကျန်းမာရေး အဆင့်မြှင့်ကျောင်းလုပ်ငန်းများအနေဖြင့် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက် ရှိပါကြောင်း၊
- ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမှ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများ တွင် အသည်းရောင်အသားဝါ (ဘီ) နှင့် (စီ) ရောဂါဖြစ်ပွားသူများကို ကုသမှု ပေးလျက်ရှိရာတွင် စာရင်းဇယားသတင်းအချက်အလက်များ ဝေမျှခြင်း အပါအဝင် ပူးပေါင်းဆောင်ရွက်ခြင်းများကို လုပ်ဆောင်သွားရမည်ဖြစ်ပါ ကြောင်း၊
- မြန်မာနိုင်ငံဆရာဝန်အသင်း၊ အထွေထွေရောဂါကုဆရာဝန်များအဖွဲ့နှင့်လည်း ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊
- အသည်းရောင် အသားဝါရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို ယခု ကမ္ဘာ့ အသည်းရောင် အသားဝါရောဂါတိုက်ဖျက်ရေးနေ့ ကျင်းပသည့်ကာလတွင် သာမဟုတ်ဘဲ တစ်နှစ်တာကာလပတ်လုံး စဉ်ဆက်မပြတ် ဆောင်ရွက်သွားရ မည်ဖြစ်ပါကြောင်း၊
- (၂၀၁၈) ခုနှစ် ကမ္ဘာ့အသည်းရောင် အသားဝါရောဂါတိုက်ဖျက်ရေးနေ့ ကျင်းပ ခဲ့သည့်နေမှ ယနေ့အထိ တစ်နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုနှင့် အောင်မြင်မှု အခြေအနေများကို ပြန်လည်သုံးသပ် ဆန်းစစ်စေလိုပါကြောင်း၊
- အဓိကအားဖြင့် ရောဂါဖြစ်ပွားမှုများ လျော့ချနိုင်ရေးအတွက် ရောဂါကာကွယ် ရေးလုပ်ငန်းများကို အလေးပေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊
- ရောဂါဖြစ်ပွားမှုကာကွယ်ရေးအတွက် ပြည်သူ့ကျန်းမာရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း၊ ကျောင်း၊ ဆေးရုံ၊ ဝန်ကြီးဌာနများတွင် အသည်းရောင်ရောဂါ ကာကွယ်ရေး အသိပညာဗဟုသုတ ဟောပြောပွဲများကို ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း၊

- တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များတွင် လုပ်ငန်းများကို မိမိ ကိုယ်ပိုင် အရေးကိစ္စသဖွယ် အလေးထား ဆောင်ရွက်သွားမှသာ အောင်မြင်မှု ရရှိနိုင် မည်ဖြစ်ပါကြောင်း၊
- ယနေ့ (၂၀၁၉) ခုနှစ် ကမ္ဘာ့အသည်းရောင် အသားဝါရောဂါတိုက်ဖျက်ရေးနေ့ မှ လာမည့် (၂၀၂၀) ခုနှစ် ကမ္ဘာ့အသည်းရောင် အသားဝါရောဂါ တိုက်ဖျက်ရေး နေ့အထိ ဆောင်ရွက်ရန်လုပ်ငန်းများကို စနစ်တကျချမှတ်ကာ ဆောင်ရွက် သွားကြစေလိုပါကြောင်း၊ အလားတူပင် နှစ်စဉ်နှစ်တိုင်း လုပ်ငန်းများ စနစ် တကျ ချမှတ်ဆောင်ရွက်ခြင်းဖြင့် ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိ အောင်မြင်နိုင်မည် ဖြစ်ပါကြောင်း၊
- (၂၀၃၀) ခုနှစ်တွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားသော အသည်းရောင်အသားဝါ ရောဂါများဖြစ်ပွား မှုလျော့နည်းကင်းစင်ကာ ပြည်သူ့ကျန်းမာရေး ခြိမ်းခြောက် မှုအဖြစ်မှ ဖယ်ရှားနိုင်စေရေးအတွက် စုစည်းဝိုင်းဝန်း၍ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက် သွားကြရန်နှင့် သက်ဆိုင်သူအားလုံးက မိမိကိုယ်တိုင် အသည်းရောင်အသားဝါရောဂါ ဖြစ်ပွားနေရသကဲ့သို့ ကြည့်ရှုခံစားပြီးလည်း အသည်းရောင်အသားဝါရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြ ရန် တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့ပါသည်။